**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၃)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်**

**( ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၄.၃၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ၁၁-၃-၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ သတင်းအချက်အလက်ရှာဖွေရေး စုဆောင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ မိခင်ဖြစ်သူ ကျန်းမာရေး။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ အစ်ကိုဖြစ်သူ ကျန်းမာရေး။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ မန်းတိုးရွှေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး၊ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ AIPA အစည်းအဝေးတက်ရောက်ရန်။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ပြည်ပခရီးစဉ်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၃၁)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၃၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့်

ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျွန်းတောကျေးရွာအုပ်စု ကွင်းအမှတ်(OSS-၃၅)၊ ပျဉ်းမစခန်း အပြင်ကွင်းရှိ တောင်သူ(၅)ဦး စပါးလင်စိုက်ပျိုးနေသည့်ခြံမြေ (၈၅)ဧကမှာ ၂၀၀၁ခုနှစ်က နယ်မြေခံတပ်ရင်း စတင်ထူထောင်စဉ်က သိမ်းဆည်းရာတွင် ပါသွားခဲ့သော်လည်း ယနေ့တိုင် မြေယာလျော်ကြေးပေးခြင်းများ မရှိသေးပါသဖြင့် တည်ဆဲဥပဒေများနှင့်အညီ မြေယာလျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျွန်းတောကျေးရွာအုပ်စု ကွင်းအမှတ်(OSS-၃၅)၊ ပျဉ်းမစခန်းအပြင် ကွင်းရှိ တောင်သူ(၅)ဦး စပါးလင်စိုက်ပျိုးနေသည့်ခြံမြေ (၈၅)ဧကမှာ ၂၀၀၁ ခုနှစ်က နယ်မြေခံ တပ်ရင်း စတင်ထူထောင်စဉ်က သိမ်းဆည်းရာတွင် ပါသွားခဲ့သော်လည်း ယနေ့တိုင် မြေယာလျော်ကြေး ပေးခြင်းများ မရှိသေးပါသဖြင့် တည်ဆဲဥပဒေများနှင့်အညီ မြေယာလျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျွန်းတောကျေးရွာအုပ်စု၊ ကွင်းအမှတ် (OSS-၃၅)၊ ပျဉ်းမစခန်း အပြင်ကွင်းမှာရှိတဲ့ တောင်သူ(၅)ဦး စပါးလင်စိုက်ပျိုးနေတဲ့ ခြံမြေ(၈၅)ဧကလောက်မှာ ၂၀၀၁ ခုနှစ်က နယ်မြေခံတပ်ရင်း စတင်ထူထောင်စဉ်က သိမ်းဆည်းရာမှာ ပါသွားခဲ့သော်လည်းပဲ ယနေ့တိုင် မြေယာလျော်ကြေး ပေးခြင်းများ မရှိသေးပါသဖြင့် တည်ဆဲဥပဒေများနှင့်အညီ မြေယာလျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့နယ်၊ ကျွန်းတောကျေးရွာအုပ်စု၊ ကွင်းအမှတ်(OSS-၃၅)၊ ပျဉ်းမစခန်းအပြင်ကွင်းမှာရှိတဲ့ မြေတွေကို ဘိုးဘွားများလက်ထက်ကစပြီးတော့ တောင်သူများဟာ လုပ်ကိုင်ခဲ့ကြပါတယ်။ အဲဒီအချိန်အခါက ကျိုက်ထိုမြို့ဟာ တပ်ရင်းတစ်ခုသာ ရှိခဲ့ပြီးတော့ တချို့နေရာတွေဟာ အညိုရောင်ဖြစ်ပါတယ်။ ဒီနေ့ခေတ်အထိလည်းပဲ တချို့နေရာတွေဟာ

အညိုရောင်အဖြစ် ရှိဆဲဖြစ်ပါတယ်။ အဲဒီအချိန် အဲဒီကာလမှာ စွန့်စားပြီးတော့ အသက်မွေးဝမ်းကျောင်း ပြုဖို့အတွက် အဲဒီမြေတွေကို ခုတ်ထွင်ရှင်းလင်း လုပ်ကိုင်ခဲ့ကြတာဖြစ်ပါတယ်။ မိဘက ဆင်းသက်ပြီး တော့လည်းပဲ တစ်ဆက်တည်း စိုက်ပျိုးလာခဲ့ကြတာဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်မှာတော့ အမှတ်(၆၀၂) ဒုံးတပ်ရင်း စတင်တည်ဆောက်ဖို့ မြေများသိမ်းပါတယ်။ အဲဒီလိုသိမ်းတဲ့အတွက် ခြံစည်းရိုးကာရန် လိုက်တဲ့မြေဧကပေါင်း(၄၆၆.၅၇)ဧကထဲမှာ စပါးလင်စိုက်ပျိုးနေတဲ့တောင်သူ ဒေါ်အုံးခင်၊ ဦးမြင့်သိန်း၊ ဦးသန်းနိုင်၊ ဦးဝင်းနိုင်နဲ့ ဦးမောင်မောင် ဆိုသူတို့ရဲ့ စပါးလင်စိုက်ပျိုးမြေ (၈၅)ဧကကျော်ကျော်လောက် ပါသွားပါကြောင်း ကျွန်တော့်ဆီကို တင်ပြထားပါတယ်။

အဲဒီလောက် ပါသွားတယ်လို့ ဆိုတဲ့နေရာမှာလည်း တောင်သူ(၅)ဦးဟာ စဉ်ဆက်မပြတ် ဌာနဆိုင်ရာတို့ကို တင်ပြခဲ့ပါတယ်။ ၁၈ - ၇ - ၂၀၀၂ ရက်နေ့ ရက်စွဲပါစာအမှတ် ၄/၅-၂(မယက)နဲ့ မြေအစားပေးဖို့ မြို့နယ်အေးချမ်းသာယာရေးကောင်စီ၊ မြို့နယ်မြေစာရင်းဌာနကို မေးမြန်းခဲ့ပါတယ်။ မြို့နယ်အေးချမ်းသာယာရေးကောင်စီကနေပြီးတော့ တောင်သူများရဲ့တင်ပြချက်အရ မြေစာရင်းဌာနကို မေးမြန်းတယ်လို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ မြေစာရင်းဌာနကလည်းပဲ ၁၆-၉-၂၀၀၂ ရက်နေ့စွဲ စာအမှတ် ၇၉၆/မအာ-၂၅ နဲ့ မြေအစားကိစ္စ ပြန်ကြားခဲ့ပါတယ်။ ဒါပေမဲ့ ပေးနိုင်တဲ့မြေက တောင်သူ များနေထိုင်တဲ့ နေရာကနေပြီးတော့ မိုင်(၂၀)လောက်ဝေးတဲ့နေရာမှာ ဖြစ်နေပါတယ်။ ဒီမှာကလည်းပဲ လက်ကျန်မြေတွေရှိတော့ ဟိုမှာသွားမလုပ်နိုင်တာကြောင့် ပေးပေမယ့် လုပ်ကိုင်စားသောက်ဖို့ မဖြစ်လာနိုင်ပါဘူး။

အဲဒီလိုနဲ့ ၆-၅-၂၀၁၅ ရက်နေ့မှာ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီကို တင်ပြခဲ့သလို မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူအဖွဲ့ကလည်းပဲ ၄-၆-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၀၀၁ ဦး(၃) စီမံ-၁/၂၀၁၅ နဲ့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ စစ်တိုင်းမှူးထံ တင်ပြခဲ့ပါတယ်။ အဲဒီစာမှာတော့ အမှတ်(၆၀၂) အမြောက် တပ်ရင်းမှူးဟာ ၁၂-၉-၂၀၀၂ ရက်စွဲပါစာနဲ့ တောင်သူ(၅)ဦးရဲ့မြေကို သိမ်းတဲ့နေရာမှာ မှားယွင်းပါသွားခဲ့ကြောင်း သူ့စာ ထောက်ခံချက်မှာ ဖော်ပြထားတယ်လို့ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီရဲ့စာမှာ ဖော်ပြ လိုက်တာ ကျွန်တော်တို့ တွေ့ရပါတယ်။ တကယ် အဲဒီစာမှာပဲ တပ်ကသိမ်းရမယ့်မြေဟာ ဧက(၃၈၀) ဖြစ်ပြီးတော့ တကယ်သိမ်းလိုက်တဲ့မြေဟာ ဧက (၄၈၅)ဖြစ်နေတာကို အဲဒီစာမှာဖော်ပြထားတာ တွေ့ရ ပါတယ်။ တုံ့ပြန်မှုမရတာကြောင့် တောင်သူ(၅)ဦးဟာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနထံ (၂)ကြိမ်တင်ပြပါတယ်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီကို (၁)ကြိမ် တင်ပြပါတယ်။ တောင်သူများဟာ ကျွန်တော့်ထံကို စာရွက်စာတမ်း၊ အထောက် အထားများတင်ပြခဲ့ပါတယ်။ နောက်ဆုံး နိုင်ငံတော် ဒုတိယသမ္မတအထိ တင်ပြထားပါတယ်။ ၂၀၀၁ ခုနှစ်ကဆိုလို့ရှိရင် ဒီဘက်မှာ ၂၀၁၈ ခုနှစ်ဆိုတော့ အချိန်တော်တော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ တောင်သူများဟာ အမှန်ငွေမလိုချင်ပါဘူး။ မြေကိုသာ စဉ်ဆက်မပြတ် လုပ်ကိုင်စားသောက်ပြီး ဘဝကို ဝမ်းကျောင်းသူများဖြစ်ပါတယ်။ အဲဒီစာမိတ္တူအားလုံး ကျွန်တော့်လက်ထဲမှာရှိပါတယ်။ ကျွန်တော် Power Point နဲ့ အကြောင်းကြားစာကို မတင်ပြလိုတော့ပါ။ အမှန်မှာ တောင်သူလိုချင်တာဟာ မြေယာလျော်ကြေးမဟုတ်ပါဘူး။ မှီခိုလုပ်ကိုင် နိုင်တဲ့မြေသာဖြစ်ပါတယ်။

အခုတစ်ခါမှာတော့ မြေသိမ်းတဲ့ကာလကလည်းပဲ ၂၀၀၁ခုနှစ် ဖြစ်ပါတယ်။ အဲဒီ ၂၀၀၁ ခုနှစ်

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့သွားပါပြီ။

**ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ မေးတဲ့ မေးခွန်းသည် မြေသိမ်းဥပဒေကို -------------

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့သွားပါပြီ။ ကိုယ်စားလှယ်ကြီး။ အချိန်စေ့သွားပါပြီ။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ၏ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျွန်းတောကျေးရွာအုပ်စု ကွင်းအမှတ် (OSS-၃၅)၊ ပျဉ်းမစခန်းအပြင်ကွင်းရှိ တောင်သူ (၅)ဦး စပါးလင်စိုက်ပျိုးနေသည့်ခြံမြေ (၈၅)ဧကမှာ ၂၀၀၁ ခုနှစ်က နယ်မြေခံတပ်ရင်း စတင်ထူထောင်စဉ် သိမ်းဆည်းရာတွင်ပါသွားခဲ့သော်လည်း ယနေ့တိုင် မြေယာလျော်ကြေးပေးခြင်းများ မရှိသေးပါသဖြင့် တည်ဆဲဥပဒေများနှင့်အညီ မြေယာလျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်း ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျွန်းတောကျေးရွာအုပ်စု၊ ကွင်းအမှတ်(OSS-၃၅)၊ ပျဉ်းမ စခန်းအပြင်ကွင်း မြေလွတ်၊ မြေလပ် (၃၈၀)ဧကအား မြေသိမ်းဆည်းခြင်းဆောင်ရွက်ခဲ့ရာ ပြည်ထဲရေး ဝန်ကြီးဌာနရဲ့ ၂၀-၁၀-၂၀၁၀ ရက်စွဲပါ စာအမှတ် ၃၀၀/၂-၅/ဦး(၁)ဖြင့် မြေသိမ်းမိန့်များ ရရှိခဲ့ပြီး ဖြစ်ပါတယ်။ တပ်ပိုင်မြေအဖြစ် သိမ်းဆည်းခဲ့တဲ့ မြေလွတ်၊ မြေလပ် (၃၈၀)ဧကတွင် ခိုင်မာတဲ့ ပိုင်ဆိုင်မှု အထောက်အထားမရှိသည့် တောင်သူ(၅)ဦးမှ ရာသီပင် စပါးလင်များကို (၈၅)ဧက စိုက်ပျိုးထားကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ တပ်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကာယကံရှင် တောင်သူများကို ခေါ်ယူညှိနှိုင်း သဘောတူညီချက်အရ ၂၀၀၂ ခုနှစ် စပါးလင်ရိတ်သိမ်းပြီးချိန် လုပ်ကိုင်ခွင့်ပြုရန် သဘောတူညီခဲ့ပြီးတော့ အပင်တန်ဖိုးလျော်ကြေးပေးရန် မလိုအပ်ကြောင်းနဲ့ အဆိုပါမြေ (၈၅)ဧကသည် အမှတ်(၆၀၂) ဒုံးတပ်ရင်းပိုင် တပ်ပိုင်မြေအဖြစ် အသုံးပြုရန် ခွင့်ပြုပေး ထားသည့် မြေလွတ်၊ မြေရိုင်းများဖြစ်သည့်အတွက် မြေတန်ဖိုးလျော်ကြေးပေးရန် မလိုအပ်သော်လည်း မြေပြင်မှာလုပ်ကိုင်နေတဲ့ တောင်သူများနစ်နာမှုမရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်မြေစာရင်းမှူး များ၏ မြေတန်ဖိုး လျော်ကြေးစာရင်းအတိုင်း လျော်ကြေးပေးရန် ဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း တောင်သူများမှ ထုတ်ယူခဲ့ခြင်းမရှိကြောင်း သိရှိရပါတယ်။

၂၁ - ၁ - ၂၀၁၉ ရက်နေ့မှာတော့ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်ကိုယ်စားလှယ်များမှ တောင်သူ(၅)ဦးအား ခေါ်ယူတွေ့ဆုံမေးမြန်းရာမှာ တပ်ပိုင်မြေအဖြစ် သိမ်းဆည်းရာတွင် ကန့်ကွက်ရန် မရှိကြောင်း လက်မှတ်ရေးထိုးထားခြင်း၊ တောင်သူ(၅)ဦးသည် မြေ(၈၅)ဧကအား ဘိုးဘွားမိဘများ လက်ထက်ကတည်းက စိုက်ပျိုးလုပ်ကိုင်ခဲ့သည်ဟု ဖော်ပြထားသော်လည်း အဆိုပါတောင်သူ (၅)ဦး အနက် ဦးသန်းနိုင် နှင့် ဦးမြင့်သိန်း တို့(၂)ဦးသာ မြေခွန် စည်းကြပ်ထားသည့် အခွန်ပြေစာ တင်ပြနိုင်ပြီး ကျန်(၃)ဦးဖြစ်သည့် ဒေါ်အုံးခင်၊ ဦးမောင်မောင်၊ ဦးဝင်းနိုင်တို့မှာ မည်သည့်အထောက်အထားမှ တင်ပြနိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အမှတ်(၆၀၂) ဒုံးတပ်ရင်းမှ တပ်ပိုင်မြေအဖြစ် အသုံးပြုထားသည့်၊ ရယူထားသည့်မြေ (၃၈၀)ဧကပေါ်တွင် (၅)နှစ် သက်တမ်းရှိ ရာဘာအပင် (၅၈၀၀)ခန့် စိုက်ပျိုးထားကြောင်းနှင့် ဦးပိုင်အမှတ်(N-၁၄၉)အနီးမှာဆိုရင် တပ်ရင်းမှ အရေးကြီး အဆောက်အအုံ ဆောက်လုပ်ထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းနှင့်စပ်လျဉ်း၍ မြေ(၈၅)ဧကသည် အမှတ်(၆၀၂) ဒုံးတပ်ရင်းမှ မြေသိမ်းဆည်းရေးဆိုင်ရာ ပြည်ထဲရေးအမိန့်များ ရရှိပြီးဖြစ်ခြင်း၊ မြေပိုင် ဆိုင်မှုအထောက်အထား တစ်စုံတစ်ရာမရှိခြင်း၊ မြေတန်ဖိုးလျော်ကြေးငွေအား တပ်ရင်းမှ ပေးချေခဲ့ သော်လည်း ထုတ်ယူခဲ့မှုမရှိခြင်းနှင့် တပ်ပိုင်မြေသိမ်းဆည်းစဉ် ကန့်ကွက်ရန်မရှိကြောင်း လက်မှတ်များ ရေးထိုးထားခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် လျော်ကြေးထပ်မံပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦးမေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝအုပ်စု၊ ရှင်းလက်ဝအထက်ရွာနှင့် ရှင်းလက်ဝအောက်ရွာ ကူးလူးသွားလာသော ပေအရှည် (၃၀၀)ရှိ (ရှင်းလက်ချောင်းကူး) ကြိုးတံတားဟောင်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝအုပ်စု၊ ရှင်းလက်ဝအထက်ရွာနှင့် ရှင်းလက်ဝအောက်ရွာ ကူးလူးသွားလာသော ပေအရှည် (၃၀၀)ရှိ (ရှင်းလက်ချောင်းကူး) ကြိုးတံတားဟောင်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ကျေးလက်ဒေသသွားလာရေးလွယ်ကူစေရေးအတွက် ကြိုးတံတား တည်ဆောက်ပေးနိုင်ပါရန်ကိစ္စနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် နယ်မြေဖြစ်သော ပလက်ဝမြို့နယ်၊ ရှင်းလက်ဝကျေးရွာသည် ပလက်ဝမြို့နှင့် ရေမိုင် (၉၀)အကွာတွင် တည်ရှိပြီး ရှင်းလက်ဝအထက်ရွာနှင့် အောက်ရွာ ပေါင်းအိမ်ခြေ (၃၅၀)ခန့်ရှိသော ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ရှင်းလက်ဝကျေးရွာသည် အိန္ဒိယ - မြန်မာ နယ်စပ်အနီးတွင်တည်ရှိပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲကင်းစခန်း၊ အထက်တန်းကျောင်း၊ ကျန်းမာရေးဌာန၊ ဂိုဏ်းပေါင်းစုံ ဘာသာရေးကျောင်းများရှိပြီး ဒေသအတွင်း တစ်ပိုင်တစ်နိုင်စီးပွားရေး အချက်အခြာကျသော ကျေးရွာလည်းဖြစ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ရှင်းလက်ဝကျေးရွာ၊ ရှင်းလက်ချောင်းကြိုးတံတားဖြစ်ပါတယ်။ ဒါကတော့ ရှင်းလက်ဝကျေးရွာ၊ ရှင်းလက်ချောင်းကြိုးတံတား အထက်ရွာမြင်ကွင်းဖြစ်ပါတယ်။ ဒါအောက်ရွာ မြင်ကွင်းဖြစ်ပါတယ်။ ဒါလက်ရှိ ပြည်သူတွေ ဖြတ်သန်းသွားလာသော မြင်ကွင်းပျက်စီးနေတာကို တွေ့ရတာဖြစ်ပါတယ်။ ကျောင်းသူ၊ ကျောင်းသားများ ကြိုးတံတားကနေပြီး နေ့စဉ်နေ့တိုင်း ဖြတ်သန်းသွားလာနေတဲ့ အနေအထားဖြစ်ပါတယ်။ ဒါ အဝေးမြင်ကွင်း plan ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အထက်တင်ပြပါ ကြိုးတံတားကို လွန်ခဲ့သော အစိုးရလက်ထက်က တည်ဆောက်ထားသော်လည်း တည်ဆောက်စဉ်ကာလက ကြီးကြပ်မှုအားနည်းခြင်း၊ အရည်အသွေးမပြည့်မီခြင်း၊ မိုးဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ယခုအခါ ယိုယွင်းပျက်စီးလျက်ရှိပါတယ်။ အထူးသဖြင့် အဆိုပါ

ကြိုးတံတားသည် နေ့စဥ်ရက်ဆက် ကျောင်းသူ၊ ကျောင်းသားများ ဖြတ်သန်းသွားလာခြင်း၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် မရှိမဖြစ်လိုအပ်သော တံတားပင်ဖြစ်ပါတယ်။ ထို့ပြင် ဈေးသွား၊ ဈေးလာ အနီးဝန်းကျင်မှပြည်သူများကလည်း ၎င်းကြိုးတံတားပေါ်မှ ဖြတ်သန်းသွားလာရသည်ဖြစ်၍ လွန်စွာအရေးကြီးပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှင်းလက်ဝကျေးရွာသည် အိန္ဒိယနိုင်ငံနှင့် နီးစပ်လျက်ရှိပြီး မတူပီမြို့နယ်၊ လိုင်လင်းပီမြို့သို့လည်း ဆက်စပ်ထားသော လမ်းကြောင်းပေါ်တွင် တည်ရှိပြီး ယခုအခါ ကား၊ ဆိုင်ကယ်များဖြင့် အတော်အတန် သွားလာလို့ ရနေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝအုပ်စု၊ ရှင်းလက်ဝအထက်ရွာနှင့် ရှင်းလက်ဝအောက်ရွာ ကူးလူးသွားလာသော ရှင်းလက်ချောင်းပေအရှည် (၃၀၀)ရှိ ကြိုးတံတားဟောင်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဘတ်ဂျက်ဖြင့် အသစ်ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ရှင်းလက်ဝကျေးရွာ၊ ရှင်းလက်ချောင်း ကြိုးတံတား မြင်ကွင်းပုံ (ဋ္ဌ)



ရှင်းလက်ဝကျေးရွာ၊ ရှင်းလက်ချောင်း ကြိုးတံတား အောက်ရွာဘက် မြင်ကွင်းပုံ (ဋ္ဌ-၁)



ရှင်းလက်ဝကျေးရွာ၊ ရှင်းလက်ချောင်း ကြိုးတံတားပေါ် ကျောင်းသား၊ ကျောင်းသူများ ဖြတ်သန်း သွားလာနေသည့် မြင်ကွင်းပုံ (ဋ္ဌ-၂)



**မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ကျေးရွာပေါင်း (၁၃)ရွာကို ဆက်သွယ်ထားသော ဦးနာအောက်လမ်း (ကတိုး၊ ကော့နှပ်၊ ဇာသပြင်)၏ ပျက်စီးနေသော လမ်းပိုင်း (၃)မိုင်(၂)ဖာလုံအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၁၄)ပေအကျယ် ကတ္တရာလမ်းအသစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ကျေးရွာပေါင်း (၁၃)ရွာကို ဆက်သွယ်ထားသော ဦးနာအောက်လမ်း (ကတိုး၊ ကော့နှပ်၊ ဇာသပြင်)၏ ပျက်စီးနေသောလမ်းပိုင်း (၃)မိုင် (၂)ဖာလုံအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၁၄)ပေအကျယ် ကတ္တရာလမ်းအသစ်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။ ဦးနာအောက်လမ်း (ကတိုး၊ ကော့နှပ်၊ ဇာသပြင်)လမ်းသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ကျေးရွာပေါင်း (၁၃)ရွာကို ဆက်သွယ်ထားသော ကတ္တရာလမ်းတစ်ခုဖြစ်ပါတယ်။ ကျေးရွာပေါင်း (၁၃)ရွာတွင် လူနေအိမ်ခြေ(၁၀၀၀၀)ခန့်ရှိပြီး ကရင်၊ မွန်၊ ဗမာ တိုင်းရင်းသားပြည်သူပေါင်း ဦးရေ(၅၀၀၀၀)ကျော် နေထိုင်နေကြပါသည်။ အဆိုပါ တိုင်းရင်းသားပြည်သူများသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ကရင်ပြည်နယ်၊ ဘားအံမြို့ကြီးများကို သွားရောက်လိုသည့်အခါတွင် ဦးနာအောက်လမ်းအား အသုံးပြုနေကြရပါသည်။ ဦးနာအောက်လမ်းသည် စုစုပေါင်း (၄)မိုင် (၂)ဖာလုံ ရှည်လျားပါတယ်။ မိုးရာသီရောက်သည့်အခါ လမ်းများပေါ် မိုးများပြီး လမ်းပေါ်ရေကျော်မှုများရှိသဖြင့် ကတ္တရာလမ်းပျက်စီးနေတာ နှစ်ပေါင်းအတော်ကြာပြီဖြစ်ပါတယ်။ ကျေးရွာရှိပြည်သူတို့မှ ကိုယ်ထူကိုယ်ထဖြင့် လမ်းကိုဖာထေးရသည့် အကြိမ်ပေါင်းလည်း များလှပြီဖြစ်ပါတယ်။

ဒါကြောင့် မနှစ်က မွန်ပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပိုလျှံဘတ်ဂျက်ဖြင့် ကတ္တရာထပ်ပိုးလွှာ (၁)မိုင် ခင်းပေးခဲ့ပါသည်။ ယခုအခါ ကတ္တရာထပ်ပိုးလွှာခင်းရန် ကျန်ရှိနေသည့်လမ်းပိုင်း အလန်းချောင်းတံတားမှ ကော့နှပ်ရွာထိပ်အထိ (၃)မိုင်(၂)ဖာလုံသည် ယမန်နှစ်က မိုးများပြီး လမ်းပေါ်ရေကျော်သဖြင့် လွန်စွာမှပျက်စီးနေပြီဖြစ်ပါတယ်။ လမ်းပေါ်ရှိ ချိုင့်ခွက်များကြောင့် တိုင်းရင်းသားပြည်သူများ သွားလာရသည်မှာ လွန်စွာမှ အခက်အခဲဖြစ်နေပါတယ်။ ထို့ကြောင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ကျေးရွာပေါင်း(၁၃)ရွာကို ဆက်သွယ်ထားသော ဦးနာအောက်လမ်း (ကတိုး၊ ကော့နှပ်၊ ဇာသပြင်လမ်း)၏ ပျက်စီးနေသော လမ်းပိုင်း(၃)မိုင်(၂)ဖာလုံအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လမ်းသားမြှင့်တင်ပြီး၊ (၁၄)ပေအကျယ် ကတ္တရာလမ်းအသစ်ခင်း

ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးအား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့နယ်အတွက် စိမ့်စမ်းရေသွယ်တန်း စနစ်ဖြင့် လုံလောက်သည့် သောက်သုံးရေရရှိရေး မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့နယ်အတွက် စိမ့်စမ်းရေသွယ်တန်း စနစ်ဖြင့် လုံလောက်သည့်သောက်သုံးရေရရှိရေး မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော်၏ မဲဆန္ဒနယ်မြေအတွင်းရှိ မဲဆန္ဒရှင် ပြည်သူ ပြည်သားများ သောက်သုံးရေရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ရန်အတွက် ဤမေးခွန်းကို မေးမြန်း ရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ "ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့နယ်သည် တောင်ပေါ်မြို့တစ်မြို့ဖြစ်ပြီး သောက်သုံးရေ ရှားပါးလှပါတယ်။ ဌာနေတိုင်းရင်းသားများ အများဆုံးနေထိုင်ကြပြီး အိမ်ခြေပေါင်း (၆၀၀)ကျော်နှင့် လူဦးရေ(၂၀၀၀၀)ကျော်ရှိပါတယ်။ တစ်မြို့လုံး လုံလောက်စွာ သွယ်တန်းအသုံးပြုနိုင်မည့် စိမ့်စမ်းရေကို မြို့နှင့် (၅)မိုင်အကွာတွင်ရရှိနိုင်ပါတယ်။ တစ်မြို့လုံး အဆင်ပြေစွာအသုံးပြုနိုင်မည့် ဂါလန် (၅၀၀၀)ဆံ့ ရေလှောင်ကန်(၃)ကန်မျှ လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါတယ်။ အောက်ပါမေးခွန်းများကိုလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာမေးမြန်းအပ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန် ခရိုင်၊ ပန်ဝိုင်မြို့နယ်အတွက် စိမ့်စမ်းရေသွယ်တန်းစနစ်ဖြင့် လုံလောက်သည့် သောက်သုံးရေရရှိအောင် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ဒါရ်လင်းကျေးရွာမှ လုံကြွေးကျေးရွာအထိ (၉)မိုင်နှင့် လုံကြွေးကျေးရွာမှ အိန္ဒိယနယ်စပ်အထိ (၁)မိုင်၊ စုစုပေါင်း(၁၀)မိုင်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ဒါရ်လင်းကျေးရွာမှ လုံကြွေးကျေးရွာအထိ (၉)မိုင်နှင့် လုံကြွေးကျေးရွာမှ အိန္ဒိယနယ်စပ်အထိ (၁)မိုင်၊ စုစုပေါင်း(၁၀)မိုင်အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**


**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနဲ့ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်းမင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းချင်တာကတော့ ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ဒါရ်လင်းကျေးရွာမှ လုံကြွေးကျေးရွာအထိ (၉)မိုင်နှင့် လုံကြွေးကျေးရွာမှ အိန္ဒိယနယ်စပ်အထိ (၁)မိုင်၊ စုစုပေါင်း(၁၀)မိုင်အား ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ဒါရ်လင်းကျေးရွာမှ လုံကြွေးကျေးရွာအထိ (၉)မိုင်၊ ထိုမှတစ်ဆင့် အိန္ဒိယနယ်စပ်အထိ (၁)မိုင်အား ၂၀၁၀ ပြည့်နှစ်တွင် (၁၂)ပေ အကျယ်ကားလမ်းကို ဖောက်လုပ်ခဲ့ကြပါတယ်။ ဒီလမ်းဟာဆိုလို့ရှိရင် ဒါရ်လင်းကျေးရွာမှ လုံကြွေးကျေးရွာ အပါအဝင် မာလာတောင်ကြောမှာ ကျေးရွာစုစုပေါင်း (၁၅)ရွာနှင့် လိုင်လင်းပီမြို့ပေါ်မှ ဒေသခံပြည်သူ (၉၅၇၂)ဦး ယနေ့အချိန်အထိ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်မှ စားနပ်ရိက္ခာများ၊ ကုန်စည်များ ဝယ်ယူသုံးစွဲရာတွင် အသုံးပြုသော လမ်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤလမ်းကြောင်းသည် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့မှ ချင်းပြည်နယ်၊ ရေဇွာမြို့-လိုင်လင်းပီမြို့သို့ လမ်း(ပင်တီယာကျေးရွာ)မှ ခွဲထွက်ပြီးတော့မှ ဒါရ်လင်းကျေးရွာအထိ (၂၄)ပေ အကျယ်ကားလမ်းပေါက်ပြီးဖြစ်ပါသည်။ ဤလမ်းကို နောင်တစ်ချိန်ကျလျှင် မြန်မာ - အိန္ဒိယ ကုန်သွယ်ရေးလမ်းအဖြစ် အသုံးဝင်မယ့်လမ်းဖြစ်ပါတယ်။ ယခုလက်ရှိတွင် ဒါရ်လင်း - လုံကြွေး - (အိန္ဒိယနိုင်ငံ၊ ဂျပီးကျေးရွာ)အထိ နွေရာသီတွင် ဂျစ်ကားများ သွားလာလျက်ရှိပါသည်။ နောက်ကျေးလက်နေပြည်သူများ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးအတွက် ဤလမ်းကို ဖောက်လုပ်ပေးရန် အလွန်လိုအပ်လျက်ရှိပါတယ်။ ဤလမ်းပိုင်း (၁၀)မိုင်ကို (၂၄)ပေအကျယ် တာချဲ့ပေးမယ်ဆိုပါက မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့မှ အိန္ဒိယနိုင်ငံအထိ ကားကြီးများ လွယ်ကူစွာသွားလာနိုင်တော့မည်ဖြစ်ပါတယ်။ အိန္ဒိယ - မြန်မာ ကုန်သွယ်ရေးလမ်းကြောင်းအဖြစ် နောင်တစ်ချိန်ကျရင် အင်မတန်မှ အသုံးဝင်မယ့်လမ်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒီဘယ်ဘက်ခြမ်းက ပန်းရောင်လေးနဲ့ ဝိုင်းထားတဲ့ နေရာအပိုင်းကို အခုလမ်းဖောက်လုပ်ဖို့ လိုအပ်နေတာဖြစ်ပါတယ်။ ဒီညာဘက်ခြမ်းကတော့ ချင်းပြည်နယ်က မြေပုံဖြစ်ပါတယ်။ အပြာရောင်နဲ့ ဆွဲထားတဲ့ဟာ ဂန့်ဂေါမြို့ရေဇွာမြို့ကနေ အိန္ဒိယနယ်စပ်အထိ ဖြတ်သန်းမယ့်လမ်းဖြစ်ပါတယ်။ အနီရောင်အစက်ကလေးနဲ့ ပြထားတဲ့နေရာက အခုဖောက်လုပ်ဖို့ (၁၀)မိုင် အတိုင်းအတာ လိုအပ်နေတဲ့လမ်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်သော မတူပီမြို့နယ်မြေပုံဖြစ်ပါတယ်။ ဒီဘယ်ဘက်ခြမ်း၊ အနောက်မြောက်အစွယ်မှာ အဖြူရောင်လေးနဲ့ မှတ်သားထားတဲ့နေရာကို အခု ကျွန်တော် တင်ပြထားတဲ့ ကားလမ်း (၁၀)မိုင် ဖောက်ဖို့ လိုအပ်နေတာဖြစ်ပါတယ်။ ကျေးဇူးတင် ပါတယ်။ သို့ဖြစ်ပါသောကြောင့် ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ဒါရ်လင်းကျေးရွာမှ လုံကြွေးကျေးရွာအထိ (၉)မိုင်နှင့် လုံကြွေးကျေးရွာမှ အိန္ဒိယနယ်စပ်အထိ (၁)မိုင်၊ စုစုပေါင်း (၁၀)မိုင်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဒေသခံများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

မြန်မာနိုင်ငံ၏ အနောက်ခြမ်းမြေပုံ နှင့် ချင်းပြည်နယ်၏မြေပုံ မြင်ကွင်းပုံ (၄၄)



မတူပီမြို့နယ်မြေပုံ မြင်ကွင်းပုံ (၄၄-၁)



**အချိန်၊ ၁ဝး၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁ဝး၂၉။**

**ဗိုလ်ချုပ်သန်းထွန်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝအုပ်စု၊ ရှင်းလက်ဝအထက်ရွာနှင့် ရှင်းလက်ဝအောက်ရွာ ကူးလူးသွားလာနေတဲ့ ပေအရှည် (၃ဝဝ)ရှိ (ရှင်းလက်ချောင်းကူး) ကြိုးတံတားဟောင်းကို ၂ဝ၁၉ - ၂ဝ၂ဝ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့အနေနှင့် လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝအုပ်စု၊ ရှင်းလက်ဝအထက်ရွာနှင့် ရှင်းလက်ဝအောက်ရွာ ကူးလူးသွားလာတဲ့ ပေအရှည် (၃ဝဝ)ရှိ (ရှင်းလက်ချောင်းကူး)ကြိုးတံတားဟောင်းကို အရှည် (၃၇ဝ)ပေ၊ အကျယ် (၆)ပေရှိ လူကူးကြိုးတံတားအသစ်အဖြစ် ဆောက်လုပ်ပေးရန် အတွက် ၂ဝ၁၉ - ၂ဝ၂ဝ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ တင်ပြတောင်းခံထားပြီးတော့ ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ မေးခွန်းနံပါတ်(၂)ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ရဲ့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ကျေးရွာပေါင်း (၁၃)ရွာကို ဆက်သွယ်ထားတဲ့ ဦးနာအောက်လမ်း (ကတိုး၊ ကော့နှပ်၊ ဇာသပြင်)ရဲ့ ပျက်စီးနေသော လမ်းပိုင်း (၃)မိုင် (၂)ဖာလုံကို ၂ဝ၁၉ - ၂ဝ၂ဝ ဘဏ္ဍာရေးနှစ်မှာ (၁၄)ပေအကျယ် ကတ္တရာလမ်း အသစ်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ရှိ ကျေးရွာပေါင်း (၁၃)ရွာကို ဆက်သွယ်ထားတဲ့ ဦးနာအောက်လမ်း (ကတိုး၊ ကော့နှပ်၊ ဇာသပြင်)ရဲ့ ပျက်စီးနေတဲ့ လမ်းပိုင်း (၃)မိုင် (၂)ဖာလုံကို ကျွန်တော်တို့ မြေပြင်ကွင်းဆင်းစိစစ်ပြီး ၂ဝ၁၉ - ၂ဝ၂ဝ ဘဏ္ဍာရေးနှစ် ပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ ထည့်သွင်းလျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၃)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ရဲ့ ရှမ်းပြည်နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့နယ်အတွက် စိမ့်စမ်းရေသွယ်တန်းစနစ်ဖြင့် လုံလောက်သည့်သောက်သုံးရေ ရရှိရေး မည်သည့်

ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းခဲ့တဲ့ ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့နယ် ရေရရှိရေးအတွက် မြို့နဲ့ (၅)မိုင် ခန့်အကွာရှိ ရေထွက်ဦးကနေပြီးတော့ ကျွန်တော်တို့ ရေသွယ်ပေးမှာ ဖြစ်ပါတယ်။ ရေများ သိုလှောင်နိုင်ရန်အတွက် ဂါလန် (၅၀၀၀)ဆံ့ အုတ်ရေကန် (၃)ကန်လည်း လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ ပန်ဝိုင်မြို့နယ်ဟာ အိမ်ခြေ(၂၁၃၆)အိမ်နှင့် လူဦးရေ (၄၁၅၇၉)ဦး မှီတင်းနေထိုင် လျက်ရှိပြီး မြို့နေပြည်သူလူထုသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ပေးသင့်သည့် လုပ်ငန်းဖြစ်ကြောင်းသိရှိရပါတယ်။ လက်ရှိမှာ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်ဒေသက ရေရရှိရေးကိုသာ ရန်ပုံငွေလျာထားလျက်ရှိပြီးတော့ မြို့တွင်းရေ ပေးရေးကိုလည်း လုပ်ငန်းလျာထားခြင်းမရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့နယ်၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နဲ့ မြို့နယ်၊ ခရိုင်ကော်မတီတို့က ရေအရင်းအမြစ်ရရှိနိုင်မှု၊ ဖြစ်နိုင်ခြေ များကို ကျွန်တော်တို့ အသေးစိတ်ကွင်းဆင်းစစ်ဆေးလေ့လာပြီးတော့ မှတ်တမ်း၊ ဓာတ်ပုံ၊ မြေပုံ ခန့်မှန်းတွက်ချက်မှုနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပေးဖို့ လိုပါမယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဒေသရဲ့တင်ပြမှုအပေါ်ကိုစိစစ်ပြီး ဦးစားပေးအဆင့် သတ်မှတ်ချက်နှင့်အတူ လိုအပ်သလို ရန်ပုံငွေ တင်ပြလာပါက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မှတ်တမ်းတင်ထားရှိပါမယ်။ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် နှစ်စဉ်ထည့်သွင်းလျာထားတဲ့ လုပ်ငန်းများမှာလည်း ရန်ပုံငွေဝင်ဆံ့မှုဘောင် အတွင်းကသာ လျာထားဆောင်ရွက်နေရပါသဖြင့် ယခုလွှတ်တော်ကိုယ်စားလှယ် မေးမြန်းလာတဲ့ လုပ်ငန်းကို ကျွန်တော်တို့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားချက်တွင် ဦးစားပေးအစီအစဉ် အရသာ ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ မေးခွန်းနံပါတ်(၄)ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ဒါရ်လင်း ကျေးရွာမှ လုံကြွေးကျေးရွာအထိ (၉)မိုင်နှင့် လုံကြွေးကျေးရွာမှ အိန္ဒိယနယ်စပ်အထိ (၁)မိုင်၊ စုစုပေါင်း (၁၀)မိုင်ကို ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း နှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ မတူပီ မြို့နယ်ရှိ ဒါရ်လင်း- လုံကြွေးမှ အိန္ဒိယနယ်စပ်အထိ လမ်းအား ၂၀၁၀ ပြည့်နှစ်မှာ ကျေးရွာ ကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် ကျောက်ဆောင်၊ ကမ်းပါးမြင့်သည့်နေရာတွင် (၆)ပေအကျယ်၊ မြေပြန့်သည့် နေရာတွင် (၈)ပေအကျယ် ဖောက်လုပ်ခဲ့ပြီးတော့ ၎င်းလမ်းအပိုင်းဟာ ဒေသခံပြည်သူများရဲ့ တင်ပြတောင်းခံချက်အရ နယ်စပ် ရေးရာဝန်ကြီးဌာနကနေ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ (၂၁၂.၇၆၀) သန်းဖြင့် ဒါရ်လင်းကျေးရွာမှ လုံကြွေးကျေးရွာ (ဟောင်း) ၎င်းမှတစ်ဆင့် အိန္ဒိယနယ်စပ် BP-23 အထိ (၁၈)ပေအကျယ် (၁၂)မိုင်လမ်းကို ဖောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။

ယခုအချိန်မှာလည်း ဒေသခံပြည်သူလူထုများအနေနဲ့ စားနပ်ရိက္ခာနှင့်လူသုံးကုန်ပစ္စည်း များကို ၎င်းလမ်းအသုံးပြုပြီးမော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်အသုံးပြုနိုင်ခြင်းကြောင့်

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထပ်မံ၍ထည့်သွင်းလျာထား ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၂/၂၀၁၈)ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၂/၂၀၁၈)ကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးဝင်းကြိုင် (အတွင်းရေးမှူး၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ လက်ပံတန်းမြို့နယ်နဲ့ သာယာဝတီမြို့နယ်များကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင်ဖြစ်ပါတယ်။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီက အစီရင်ခံစာ (၂/၂၀၁၈)အား ကော်မတီရဲ့ တာဝန်ပေးချက်အရ အတွင်းရေးမှူးဖြစ်သူ ကျွန်တော်က ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်။ အစီရင်ခံစာကို ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အဓိကကျတဲ့အချက်များကို ကောက်နုတ်တင်ပြခွင့်ပြုပါရန်နှင့် Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏**
**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်**
**အစီရင်ခံစာ( ၂ /၂၀၁၈)**

အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီဟာ ပြည်သူများက လွှတ်တော်ကို အားကိုးတကြီးနဲ့ တင်ပြတိုင်ကြားလာတဲ့ တိုင်ကြားစာများ၏ မှန်ကန်မှုကို လေ့လာစိစစ်ခြင်း၊ သက်ဆိုင်ရာတရားရုံးတစ်ခုခုက ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုရသေးသော ကိစ္စရပ်များမှအပ အထောက်အထားများနဲ့ တင်ပြလာတဲ့ တိုင်ကြားချက်များအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းများသို့ တရားဥပဒေနှင့်အညီ ဖြစ်စေရေး ညှိနှိုင်းပေးခြင်း၊ တိုင်ကြားစာများအတွက် လိုအပ်သလိုရှင်းလင်းပြန်ကြားပေးခြင်း၊ အများပြည်သူတို့၏ အကျိုးစီးပွားထိခိုက်စေမည့်ကိစ္စရပ်များ ဖြစ်ပါကလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏

လမ်းညွှန်မှုဖြင့် ကွင်းဆင်းလေ့လာစိစစ်ကြားနာမှုများပြုလုပ်ပြီး အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အကြံပြုဆောင်ရွက်စေခြင်းဖြင့် လွှတ်တော်မှ အုပ်ချုပ်ရေးပိုင်းနှင့် တရားစီရင်ရေးအပိုင်းတို့ကို ထိန်းညှိဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကော်မတီဖွဲ့စည်းခြင်းအနေနဲ့ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီကို အမျိုးသားလွှတ်တော်ရုံးရဲ့ ၂၅-၁-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၁၉)နဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင် အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး အား လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၄)မှ ဦးထိန်ဝင်း အား လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးကောင်းကျော် အား အဖွဲ့ဝင်အဖြစ်လည်းကောင်း ထပ်မံဖြည့်စွက်ဖွဲ့စည်းပြီးတော့ ကော်မတီဝင် (၁၅)ဦးနဲ့ ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိကျွန်တော်တို့ အမှုတွဲများလက်ခံရရှိမှုအခြေအနေ ဆောင်ရွက်မှုများနဲ့ ပတ်သက်လို့ ၂၃ - ၂ - ၂၀၁၆ ရက်နေ့မှ ၃၁ - ၁၂ - ၂၀၁၈ ရက်နေ့အထိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ လိပ်မူပြီးတော့ တိုက်ရိုက်တိုင်ကြားခဲ့တဲ့ တိုင်ကြားစာပေါင်း (၃၆၈၉)စောင် လက်ခံရရှိခဲ့ပါတယ်။ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌထံ လိပ်မူပြီးတော့ စုစုပေါင်း တိုင်ကြားစာ (၃၇၁၄)စောင် လက်ခံရရှိခဲ့ပါတယ်။ အားလုံး စုစုပေါင်း (၇၄၀၃)စောင် လက်ခံရရှိခဲ့ပါတယ်။

| **ခုနှစ်** | **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ** | **ကော်မတီဥက္ကဋ္ဌ** | **စုစုပေါင်း** |
|---|---|---|---|
| ၂၃-၂-၂၀၁၆ မှ ၃၁-၁၂-၂၀၁၆ ထိ | ၁၇၃၇ | ၁၀၇၈ | ၂၈၁၅ |
| ၁-၁-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ ထိ | ၁၃၄၁ | ၈၉၃ | ၂၂၃၄ |
| ၁-၁-၂၀၁၈ မှ ၃၁-၁၂-၂၀၁၈ ထိ | ၆၁၁ | ၁၇၄၃ | ၂၃၅၄ |
| **စုစုပေါင်း** | **၃၆၈၉** | **၃၇၁၄** | **၇၄၀၃** |

၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဟာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်၊ တရားလွှတ်တော်များ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ အဂတိ

လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်များသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အမှုတွဲများကို သုံးသပ်လေ့လာ၍ ပေးပို့ခဲ့တဲ့အတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို Power Point နဲ့ တင်ပြထားပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကို ပေးပို့ခဲ့တဲ့အမှုတွဲက ကျွန်တော်တို့ စုစုပေါင်း (၁၈၃)စောင်ဖြစ်ပါတယ်။ ပြန်ကြားခဲ့တဲ့ အမှုတွဲက (၁၄၂)စောင်ဖြစ်ပြီးတော့ ပြန်ကြားရန် ကျန်တဲ့အမှုတွဲက (၄၁)စောင်ဖြစ်ပါတယ်။ အာဏာပိုင်အဖွဲ့အစည်းများကို ပေးပို့ခဲ့တဲ့ အမှုတွဲထဲမှာ အများဆုံးကျန်တဲ့ အဖွဲ့အစည်းကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖြစ်ပါတယ်။ စုစုပေါင်း (၅၉)စောင် ပေးပို့ခဲ့ပါတယ်။ အစောင်(၄၀)ဆောင်ရွက်မှုအခြေအနေတွေ ပြန်ကြားခဲ့ပြီးတော့ (၁၉)စောင် ပြန်ကြားရန်ကျန်ပါတယ်။ နောက် ဒုတိယအများဆုံးကျန်တဲ့အဖွဲ့က နေပြည်တော်ကောင်စီဖြစ်ပါတယ်။ စုစုပေါင်း ကျွန်တော်တို့ (၃၂)စောင်ပေးပို့ခဲ့ပြီးတော့ (၁၈)စောင် ပြန်ကြားခဲ့ပါတယ်။ (၁၄)စောင် ပြန်ကြားရန် ကျန်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို စုစုပေါင်း ကျွန်တော်တို့ အမှုတွဲ(၆၁)စောင် ကော်မတီမှ ပေးပို့ခဲ့ပြီးတော့ (၅၉)စောင်ပြန်ကြားခဲ့ပါတယ်။ ပြန်ကြားရန် ကျန်တာ(၂)မှု ဖြစ်ပါတယ်။ နောက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများကို ပေးပို့ခဲ့တဲ့အမှုတွဲတွေကိုလည်း Power Point နဲ့ တင်ပြထားပါတယ်-

**(က) သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ ပေးပို့သည့် အမှုတွဲများ**

| စဉ် | သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ | ပေးပို့အမှုတွဲ | ပြန်ကြားအမှုတွဲ | ပြန်ကြားရန်ကျန် |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၆၁ | ၅၉ | ၂ |
| ၂ | ပြည်ထောင်စုရှေ့နေချုပ် | ၁၆ | ၁၅ | ၁ |
| ၃ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ၁ | ၁ | - |
| ၄ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂ | ၂ | - |
| ၅ | နေပြည်တော်ကောင်စီ | ၃၂ | ၁၈ | ၁၄ |
| ၆ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၅၉ | ၄၀ | ၁၉ |
| ၇ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | ၁ | ၁ | - |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် | ၁ | ၁ | - |
| ၉ | ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | ၂ | ၁ | ၁ |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် | ၂ | - | ၂ |

| | | | | |
|---|---|---|---|---|
| ၁၁ | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် | ၄ | ၂ | ၂ |
| ၁၂ | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ၂ | ၂ | - |
| | **စုစုပေါင်း** | **၁၈၃** | **၁၄၂** | **၄၁** |

Power Point မှာ ပြည်ထဲရေးဝန်ကြီးဌာနကို စုစုပေါင်းအမှုတွဲ (၁၅၀)စောင်ပေးပို့ခဲ့ပါတယ်။ (၈၁)စောင်ပြန်ကြားခဲ့တဲ့အတွက် ပြန်ကြားရန် ကျန်တာ (၆၉)စောင်ဖြစ်ပါတယ်။ ပြန်ကြားရန်ကျန်တဲ့ ဝန်ကြီးဌာနထဲမှာ အများဆုံးဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနကို စုစုပေါင်းအမှုတွဲ (၁၄)စောင် ပေးပို့ခဲ့ပါတယ်။ (၆)စောင် ပြန်ကြားခဲ့ပါတယ်။ (၈)စောင် ပြန်ကြားရန်ကျန်ပါတယ်။ နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနကို စုစုပေါင်း အမှုတွဲ(၆၀) ပေးပို့ခဲ့ပါတယ်။ (၅၁)စောင် ပြန်ကြားခဲ့ပြီးတော့ (၉)စောင် ပြန်ကြားရန်ကျန်ပါတယ်။ စုစုပေါင်း ပြည်ထောင်စုဝန်ကြီးဌာနများကို (၃၇၄)စောင် ပေးပို့ခဲ့ပြီးတော့ (၂၆၅)စောင် ကော်မတီကို အကြောင်းပြန်ကြားလာပါတယ်။ စုစုပေါင်း(၁၀၉)စောင်ပြန်ကြားရန်ကျန်ပါတယ်။

**(ခ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပေးပို့သည့် အမှုတွဲများ**

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာနများ | ပေးပို့ အမှုတွဲ | ပြန်ကြား အမှုတွဲ | ပြန်ကြား ရန်ကျန် |
|---|---|---|---|---|
| ၁ | သမ္မတရုံးဝန်ကြီးဌာန | ၁၅ | ၁၄ | ၁ |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၅၀ | ၈၁ | ၆၉ |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၄ | ၆ | ၈ |
| ၄ | နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ၁ | ၁ (ဆောင်ရွက်ဆဲ) | - |
| ၅ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | ၁ | - |
| ၆ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၁ | - | ၁ |
| ၇ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၁၉ | ၁၉ | - |
| ၈ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၆၀ | ၅၁ | ၉ |
| ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၂ | ၉ | ၃ |
| ၁၀ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၁၇ | ၁၃ | ၄ |

| | | | | |
|---|---|---|---|---|
| ၁၁ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၉ | ၉ | - |
| ၁၂ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၁၁ | ၁၁ | - |
| ၁၃ | စက်မှုဝန်ကြီးဌာန | ၇ | ၇ | - |
| ၁၄ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၅ | ၄ | ၁ |
| ၁၅ | ပညာရေးဝန်ကြီးဌာန | ၂၀ | ၁၄ | ၆ |
| ၁၆ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၁၇ | ၁၁ | ၆ |
| ၁၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၇ | ၇ | - |
| ၁၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၆ | ၅ | ၁ |
| ၁၉ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၂ | ၂ | - |
| | **စုစုပေါင်း** | **၃၇၄** | **၂၆၅** | **၁၀၉** |

သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကို ပေးပို့တဲ့အမှုတွဲတွေကို Power Point နဲ့ သီးခြား ပြုစုတင်ပြထားပါတယ်။ အဲဒီမှာ စုစုပေါင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကို (၇၄၆)စောင် အမှုတွဲများပေးပို့ခဲ့ပါတယ်။ (၂၈၆)စောင် ပြန်ကြားခဲ့ပြီးတော့ စုစုပေါင်း ပြန်ကြားရန် ကျန်တာက အစောင်(၄၆၀)ဖြစ်ပါတယ်။ အဲဒီမှာ အများဆုံးကျန်ရှိတဲ့ တိုင်းဒေသကြီးကတော့ ပဲခူးတိုင်းဒေသကြီးဖြစ်ပါတယ်။ စုစုပေါင်းပေးပို့ခဲ့တာ (၁၂၅)စောင် ပေးပို့ခဲ့ပြီးတော့ ပြန်ကြားခဲ့တာက (၃၂)စောင် ဖြစ်ပါတယ်။ ပြန်ကြားရန်ကျန်တာက (၉၃)စောင်ဖြစ်ပါတယ်။ ဒုတိယအများဆုံးက မန္တလေးတိုင်းဒေသကြီးဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးကို ကော်မတီက (၁၃၂)စောင်ပေးပို့ခဲ့ပြီးတော့ (၅၅)စောင် ပြန်ကြားခဲ့ပါတယ်။ (၇၇)စောင် ပြန်ကြားရန်ကျန်ပါတယ်။ နောက် တတိယအများဆုံးက ဧရာဝတီတိုင်းဒေသကြီးဖြစ်ပါတယ်။ စုစုပေါင်း(၁၀၃)စောင် ကော်မတီက အမှုတွဲများပေးပို့ခဲ့ပြီးတော့ (၃၉)စောင် ပြန်ကြားခဲ့ပါတယ်။ (၆၄)စောင်ပြန်ကြားရန်ကျန်ပါတယ်။ စတုတ္ထအများဆုံးက ရန်ကုန်တိုင်းဒေသကြီး ဖြစ်ပါတယ်။ (၁၂၉)စောင်အမှုတွဲများ ပေးပို့ခဲ့ပြီးတော့ (၇၁)စောင် ပြန်ကြားခဲ့ပါတယ်။ (၅၈)စောင် ပြန်ကြားရန် ကျန်ပါတယ်။ ပဉ္စမအများဆုံးက စစ်ကိုင်းတိုင်းဒေသကြီး ဖြစ်ပါတယ်။ (၆၉)စောင် ကော်မတီက ပေးပို့ခဲ့ပြီးတော့ (၁၅)စောင်ပြန်ကြားခဲ့ပြီး (၅၄)စောင်ပြန်ကြားရန် ကျန်ပါတယ်။

**(ဂ)　သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များသို့ ပေးပို့သည့် အမှုတွဲများ**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့ | ပေးပို့ အမှုတွဲ | ပြန်ကြား အမှုတွဲ | ပြန်ကြား ရန်ကျန် |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၁ | ၃ | ၈ |
| ၂ | ကရင်ပြည်နယ် | ၁၉ | ၉ | ၁၀ |
| ၃ | ချင်းပြည်နယ် | ၁၀ | - | ၁၀ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၉ | ၁၅ | ၅၄ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ၇ | ၂ | ၅ |
| ၆ | ပဲခူးတိုင်းဒေသကြီး | ၁၂၅ | ၃၂ | ၉၃ |
| ၇ | မကွေးတိုင်းဒေသကြီး | ၃၆ | ၂၄ | ၁၂ |
| ၈ | မန္တလေးတိုင်းဒေသကြီး | ၁၃၂ | ၅၅ | ၇၇ |
| ၉ | မွန်ပြည်နယ် | ၂၇ | ၁၀ | ၁၇ |
| ၁၀ | ရခိုင်ပြည်နယ် | ၄၂ | ၄ | ၃၈ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး | ၁၂၉ | ၇၁ | ၅၈ |
| ၁၂ | ရှမ်းပြည်နယ် | ၃၆ | ၂၂ | ၁၄ |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၃ | ၃၉ | ၆၄ |
| | **စုစုပေါင်း** | **၇၄၆** | **၂၈၆** | **၄၆၀** |

၃၁-၁၈-၂၀၁၈ အထိ အမျိုးသားလွှတ်တော်၊ ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာကော်မတီက တိုင်ကြားသူ ကာယကံရှင်အသီးသီးကို အမှုတွဲစုစုပေါင်း (၄၈၄)စောင်အတွက် ကော်မတီမှ အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအဂတိလိုက်စားမှုနဲ့ စပ်လျဉ်းပြီး တိုင်ကြားစာတွေကို ကော်မတီကစိစစ်ပြီးတော့ စိစစ်တွေ့ရှိချက်များနှင့်အတူ မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ပေးပို့ခဲ့တဲ့အတွက် ကော်မရှင်ကလည်း အထူးအလေးထားဆောင်ရွက်ပေးခဲ့တာ တွေ့ခဲ့ရပါတယ်။ လယ်ယာမြေသိမ်းဆည်းခံရမှုကိစ္စရပ်များနှင့် စပ်လျဉ်းပြီးတော့ တိုင်ကြားစာ အမှုတွဲပေါင်း (၉၈၉)စောင် ကော်မတီကလက်ခံရရှိခဲ့ပါတယ်။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေတဲ့ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ဆက်လက်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီက လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

ကွင်းဆင်းလေ့လာခြင်းနဲ့ပတ်သက်လို့ ကွင်းဆင်းလေ့လာရန် လိုအပ်တဲ့ကိစ္စရပ်တွေကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ၊ ခွင့်ပြုချက်အရ ကွင်းဆင်းလေ့လာလျက်ရှိပါတယ်။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး မစတင်မီအထိ စုစုပေါင်း တိုင်ကြားစာ (၅၃)စောင်နှင့် ပတ်သက်ပြီးတော့ ကွင်းဆင်းလေ့လာမှု (၂၂)ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်မှုအစီရင်ခံစာတွေကိုလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ လမ်းညွှန်မှုအရ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များကို ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

| | | |
|---|---|---|
| (က) | ကရင်ပြည်နယ် | (၆) မှု |
| (ခ) | စစ်ကိုင်းတိုင်းဒေသကြီး | (၂) မှု |
| (ဂ) | ပဲခူးတိုင်းဒေသကြီး | (၁၃) မှု |
| (ဃ) | မန္တလေးတိုင်းဒေသကြီး | (၅) မှု |
| (င) | မွန်ပြည်နယ် | (၆) မှု |
| (စ) | ရခိုင်ပြည်နယ် | (၁) မှု |
| (ဆ) | ဧရာဝတီတိုင်းဒေသကြီး | (၉) မှု |
| (ဇ) | ရန်ကုန်တိုင်းဒေသကြီး | (၁၁) မှု |
| | **စုစုပေါင်း** | **(၅၃) မှု** |

ကော်မတီအနေနဲ့ ကြားနာမှု (၄)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကာလမှာ ကဝိဂျာနယ်အယ်ဒီတာချုပ် ဒေါက်တာစိုးမြင့်သန်း (အောင်ထိပ်)က ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မှာ ယခင်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်သန်းရဲ့ လက်မှတ်အတုဟုယူဆရတဲ့ မြေယာလုယက်မှုတွေ ဖြစ်ပေါ်လျက်ရှိကြောင်း တိုင်ကြားလာခြင်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ၎င်းဒေသကို ကွင်းဆင်းလေ့လာခဲ့ပြီး အဆိုပါ တိုင်ကြားခြင်းနှင့်ပတ်သက်တဲ့ ကြားနာရန်လိုအပ်တဲ့အတွက် ဦးမောင်မောင်သန်း ကို ၁၀-၁၀-၂၀၁၇ ရက်နေ့မှာ ရေးရာဆောင်အမှတ် ( I - 18 )မှာ ကော်မတီအစည်းအဝေးခန်းမသို့ ဖိတ်ခေါ်ပြီးတော့ ကြားနာမှုပြုလုပ်ခဲ့ပါတယ်။

အရေးယူဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်လို့ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီဟာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများရှိတဲ့အတွက် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း၊ တရားရေးဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊

ရာအိမ်မှူး၊ ဆယ်အိမ်မှူးများကို အလုပ်မှထုတ်ပစ်ခြင်း၊ ရာထူးမှလျှော့ချခြင်း၊ နှစ်တိုးလစာရပ်ဆိုင်းခြင်း၊ ရာထူးတိုးရပ်ဆိုင်းခြင်း၊ မှတ်တမ်းတင်စာဖြင့် သတိပေးခြင်းတို့ အရေးယူခဲ့တာကို Power Point နဲ့ တင်ပြထားပါတယ်။ စုစုပေါင်း အရာထမ်း(၆၃)ဦး၊ အမှုထမ်း(၈၇)ဦး အရေးယူဆောင်ရွက်ခဲ့ပြီးတော့ စုစုပေါင်း(၁၅၀)ဦး ဖြစ်ပါတယ်။ အများဆုံးအရေးယူဆောင်ရွက်ခံရတဲ့ အဖွဲ့အစည်းကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြစ်ပါတယ်။ အရာထမ်း အယောက်(၃၀) အမှုထမ်း(၂၅)ဦးနဲ့ အားလုံး(၅၅)ဦး အရေးယူဆောင်ရွက်ခံရပါတယ်။ နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အရာထမ်း (၃)ဦး၊ အမှုထမ်း(၁၇)ဦး စုစုပေါင်း (၂၀)ဦး အရေးယူဆောင်ရွက်ခြင်းခံရပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက အရာထမ်း(၈)ဦး၊ အမှုထမ်း(၂၆)ဦး၊ စုစုပေါင်း (၃၄)ဦး အရေးယူဆောင်ရွက်ခြင်းခံရပါတယ်။ နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက အရာထမ်း(၄)ဦး၊ အမှုထမ်း(၉)ဦး၊ စုစုပေါင်း(၁၃)ဦး အရေးယူဆောင်ရွက်ခြင်းခံရပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အရာထမ်း(၃)ဦး၊ အမှုထမ်း(၃)ဦး၊ စုစုပေါင်း(၆)ဦး အရေးယူဆောင်ရွက်ခြင်းခံရပါတယ်။ Power Point ဖြင့် တင်ပြထားပါတယ်-

| စဉ် | ဌာနများ | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|---|
| (က) | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | - | ၃ | ၃ |
| | တရားလွှတ်တော်/အထက်တန်းရှေ့နေများ | ၄ | ၁ | ၅ |
| (ခ) | ပြည်ထောင်စုဥပဒေချုပ်ရုံး | - | ၁ | ၁ |
| (ဂ) | နေပြည်တော်ကောင်စီ | ၂ | - | ၂ |
| (ဃ) | ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ၂၉ | ၂၅ | ၅၄ |
| | အကျဉ်းဦးစီးဌာန | ၁ | - | ၁ |
| (င) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁ | ၂ | ၃ |
| | ရပ်/ကျေးအုပ်ချုပ်ရေးမှူး၊ ရာ/ဆယ်အိမ်မှူး | ၂ | ၁၅ | ၁၇ |
| (စ) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | ၄ | ၉ | ၁၃ |
| (ဆ) | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန | ၈ | ၂၆ | ၃၄ |

| | | | | |
|---|---|---|---|---|
| (ဇ) | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၃ | ၃ | ၆ |
| (ဈ) | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ၃ | - | ၃ |
| (ည) | ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန | ၃ | ၂ | ၅ |
| (ဋ) | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၂ | - | ၂ |
| (ဌ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ၁ | - | ၁ |
| | **စုစုပေါင်း** | **၆၃** | **၈၇** | **၁၅၀** |

**ကော်မတီ၏ ဆောင်ရွက်ချက်မှုများကို သုံးသပ်ခြင်း**

ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီဟာ ပြည်သူလူထုထံမှ ကော်မတီသို့ ပေးပို့လာတဲ့ တိုင်ကြားစာများ၊ တင်ပြစာများ၊ အသနားခံစာများကို ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး ပြုလုပ်ပြီးတော့ စုပေါင်းညှိနှိုင်းသုံးသပ်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြကာ သဘောထား မှတ်ချက် ရယူပြီးနောက် အမှုတွဲများကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်ထောင်စု အဆင့်ဝန်ကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များထံသို့ လိုအပ်သလိုလွှဲပြောင်းပေးပို့ခဲ့ပါတယ်။ ထိုကဲ့သို့ တိုင်ကြားစာများ လွှဲပြောင်းပေးပို့ရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမှုတွဲများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြနိုင်မှုမရှိခြင်း၊ အချို့သောဆောင်ရွက်မှုများသည် ကျေနပ်အားရဖွယ်မရှိခြင်း၊ သက်ဆိုင်ရာဌာနများမှ တင်ပြချက် များအတိုင်း ပြန်လည်တင်ပြခြင်းနှင့် အရေးယူဆောင်ရွက်မှုအားနည်းနေခြင်းတို့ကြောင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ယခုထက်ပိုမို၍ အလေးထားဆောင်ရွက် ပြန်ကြားပေးသင့်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

**ကော်မတီ၏ အကြံပြုတင်ပြချက်**

ပြည်သူများက ကော်မတီကို တိုင်ကြားစာများ၊ တင်ပြစာများ၊ အသနားခံစာများကို အားကိုးတကြီး တင်ပြလာခြင်းဖြစ်တဲ့အတွက် အချို့တင်ပြလာတဲ့အမှုများ မှန်ကန်၊ မြန်ဆန်စွာ ကွင်းဆင်းစိစစ်ခြင်းဖြင့် ကော်မတီမှဆောင်ရွက်ပေးရန် အထူးလိုအပ်ပါတယ်။ ထို့အတူ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ လည်း ပြည်သူလူထုမှ တင်ပြလာတဲ့ တိုင်ကြားစာများ၊ အသနားခံစာများအပေါ်မှာ ကော်မတီနှင့် အတူ ယခုထက်ပိုမို၍ ပူးပေါင်းအကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူလူထုရဲ့ နစ်နာချက်၊ လိုအပ်ချက်တွေကို သွက်လက်လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**နိဂုံး**

ကော်မတီသည် ပြည်သူတို့၏နစ်နာချက်၊ လိုအပ်ချက်များကို ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ တိုင်ကြားစာများကို ဆောလျင်စွာ ကူညီဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ပြီးဆုံးသည့်အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၄)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။**　။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၀း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]